# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 28 , 2024 Volume 78, Number 18

၂၈.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၄.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ကွမ်းသီးစိမ်းအလုံးရေ ၇၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့




ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလတွင် ကွမ်းသီးစိမ်း အလုံးရေ ၇၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီမော်ကပြောပြ၍ သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်းက ကွမ်းသီးစိမ်းအလုံးရေ ၅၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ တစ်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၇၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့နေရတာဖြစ်ပါတယ်၊ တင်ပို့နေရတဲ့ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်တာပေါ့။ သန့်ရှင်းဖို့လည်းလိုပါတယ်။ လက်ရှိ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၇၅၀၀ ထိ ဈေးပေါက်နေတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်" ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်ကပြောပြသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်ရီမော်က ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဈေးဆက်တက်နေပေမဲ့ အရောင်းအဝယ်အေးနေတဲ့ မတ်ပဲနဲ့ပဲစင်းငုံ




မတ်ပဲက သုံးပတ်ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်း ဈေးမြင့်တက်လာတာနဲ့အတူ ဈေးမြင့်တက်လာတာဖြစ်ပြီး အရောင်း အဝယ်ကတော့ သိပ်မရှိဘူးလို့ဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲဝယ်လိုအား မြင့်တက်နေတာဖြစ်တဲ့အတွက် ဈေးက ဆက်ပြီးမြင့်တက်ပါတယ်။ အိန္ဒိယအစိုးရ ပဲဈေးကျဆင်းအောင် နည်းလမ်းမျိုးစုံနဲ့ ပြုလုပ်နေပေမဲ့ ဈေးကွက်အတွင်း ပဲလိုအပ်ချက် ကြီးမားတာ၊ အထွက်နှုန်းလျော့တာ တွေကြောင့် ဈေးကအမြင့်ဈေးမှာ ရှိနေတာဖြစ်ပါတယ်။ ဈေးကွက်ထဲ မတ်ပဲ အသစ်တွေဝင်နေပေမဲ့လည်း ဈေးကဆက်တက်နေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဒီတစ်ပတ် မြန်မာမတ်ပဲ FAQ က တစ်တန်ကို ရူပီး ၉၀၅၀ ပေါက်ဈေးရှိနေပြီး ၂၅ ရူပီး မြင့်တက်လာပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၃၃၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၆၀,၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၆၀၅,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၆၅,၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၅၄၀၅ မှ ၅၄၄၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၁၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

ပဲစင်းငုံနီကလည်း ဈေးမြင့်တက်လာပေမဲ့ အရောင်းအဝယ်ကတော့အေးနေပါတယ်။ ဈေးမြင့်တက်ပေမဲ့လည်း ငွေကြေးဖောင်းပွမှုကြောင့် ဈေးမြင့်တက်နေတာဖြစ်လို့ ပြီးခဲ့တဲ့အပတ်တွေကလို ဈေးအများကြီးတက်တာမျိုးတော့ မရှိတော့ပါဘူး။

အိန္ဒိယနိုင်ငံတွင်းမှာလည်း ဈေးမြင့်တက်နေတာဖြစ်ပြီး ပဲလိုအပ်ချက်ကြောင့် ဈေးမြင့်တက်နိုင်မဲ့ အခြေအနေရှိနိုင်ပေမဲ့ လက်ရှိမှာ ပဲဈေးကျအောင် နည်းမျိုးစုံနဲ့လုပ်ဆောင်နေတာဖြစ်လို့ ပဲဈေးအခြေအနေက ကာလတိုအခြေအနေမှာတော့ ကောင်းနိုင်ပေမဲ့ ကာလလတ်အခြေအနေမှာတော့ စောင့်ကြည့်ရမဲ့အခြေအနေဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ ချန်နိုင်းဈေးကွက်မှာတော့ ပဲစင်းငုံနီ တစ်တန်ကို ရူပီး ၁၁၃၇၅ ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ရူပီး ၂၇၅ ရူပီး ဈေးမြင့်တက်လာခဲ့ပါတယ်။ ပြည်တွင်း ပဲစင်းငုံနီ FOB ဈေးကတော့ တစ်တန်ကို ဒေါ်လာ ၁၃၂၀ မှ ၁၃၄၀ ရှိပြီး ၂၀ ဒေါ်လာဈေးမြင့်တက်လာပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၄,၃၆၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၄၅,၀၀၀ ကျပ် ဈေးမြင့်တက်လာခဲ့ပါတယ်။

**Source: Awba**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၀-၅-၂၀၂၄ မှ ၂၄-၅-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၂၆၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၅၃၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၃၃၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၃,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၅,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၃၅,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC

(2024 Crop) ကွန်တိန်နာ ၁၅၀ လုံး (တန်ချိန် ၃၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၈၀၀၊ မြားနီ ကျပ် ၅၅၀၀ ၊ ပန်းတနော်ရှည် ကျပ် ၄၇၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂,၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၂,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၀၈၀၀ (၂၁၆,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၆၀၀ (၉၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၈၀၀၀ (၁၆၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၈၀၀ (၅၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၅၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီး ဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၄၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၅၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၁၀၀၊ ကြံသကာ ကျပ် ၃၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦး ဆေးရှယ်(ထန်း) ကျပ် ၈၀၀ ဈေးကျဆင်းခဲ့ပြီး ပခုက္ကူကြမ်း ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၀-၅-၂၀၂၄ မှ ၂၄-၅-၂၀၂၄)ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၆၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၅၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၄၀၀၊ မုံရွာလတ်သန့် ကျပ် ၂၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း မုံရွာသစ်ရှယ် ကျပ် ၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကြက်သွန်နီများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၁,၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၈၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၉၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ်

ဈေးငြိမ်လျက်ရှိပြီး အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၅၇၀၀ (၁၇၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၀၀၀ (၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၇၀၀ ( ၅၁,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှ အာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ တရုတ် A1 ကျပ် ၁၆၀၀ ၊ တရုတ် OK ကျပ် ၂၂၅၀ ၊ တရုတ် S1 ကျပ် ၂၂၅၀၊ တရုတ်S2 ကျပ် ၁၆၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း တရုတ် A1 ကျပ် ၂၀၀ ၊ တရုတ် OK ကျပ် ၃၅၀ ၊ တရုတ် S1 ကျပ် ၃၅၀၊ တရုတ်S2 ကျပ် ၄၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၄၇ စီး (၂၈၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၁ စီး (၁၈၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၆ စီး (၉၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့်ရရှိရန်လျာထား



ယခုဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့် ရရှိရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၏ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတန်ချိန် ၅၂၂,၅၆၅ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၇၂၉ ဒသမ ၄၂ သန်းရရှိခဲ့ကာ ယခုဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။

“ဒီဘဏ္ဍာနှစ်မှာ ပြည်တွင်းကနေ ပြည်ပကို ရေထွက်ကုန်ပစ္စည်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၀၅ သန်းလောက် တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ အဓိကအားဖြင့် မွေးမြူရေးပုစွန် တင်ပို့မှုနဲ့ မွေးမြူရေးငါးတန် တင်ပို့မှုတွေကနေ ပို့ကုန်အတိုင်းအတာတစ်ခုအထိ တိုးတက်လာမယ်လို့ မျှော်မှန်းထားတဲ့အတွက်ကြောင့် အခုလို လျာထားဆောင်ရွက်တာ ဖြစ်ပါတယ်” ဟု ဦးညွန့်ဝင်းကပြောသည်။

ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ရေထွက်ကုန်ပစ္စည်း တန်ချိန် ၇၇၂၄ တန် ပိုမိုတင်ပို့နိုင်ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏ ပိုမိုတိုးမြင့်လာစေရန် ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ငါးအုပ်စု၊ ပုစွန်အုပ်စုနှင့် ငါး၊ ပုစွန် မဟုတ်သော တခြားရေထွက်ကုန်များအုပ်စုဟူ၍ အဓိကအုပ်စုသုံးစုခွဲခြားကာ တင်ပို့လျက်ရှိပြီး လက်ရှိတွင် နယ်စပ် ကုန်သွယ်ရေးထက် ပုံမှန်ကုန်သွယ်ရေးနည်းလမ်းများကို ပိုမိုအားပြုကာ တင်ပို့နေရကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂ နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများအပါအဝင် ပြည်ပနိုင်ငံပေါင်း ၄၀ ခန့်သို့ တင်ပို့လျက်ရှိပြီး စုစုပေါင်း ရေထွက်ကုန်အမည် ၃၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/node/56437

## တောင်ပေါ်ဒေသမှထွက်ရှိသည့် ဗိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံ ဈေးကွက်သို့ တောင်ပေါ်ဒေသမှထွက်ရှိသည့် ဗိုလ်စားပဲများဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ကပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံ ဈေးကွက်အတွင်းသို့ တောင်ပေါ်နယ်ဒေသတစ်ဝိုက်တို့မှ ထွက်ရှိလာသည့် ဗိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကားဖြင့် အစီးရေ သုံးစီးမှလေးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်းသိရသည်။

**အရောင်းအဝယ်ကောင်း**

"ဗိုလ်စားပဲက တောင်ပေါ်ဒေသဘက်နယ်တွေက ပဲထွက်ရှိပြီး ဈေးကွက်ကိုအပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာမရှိတော့ပါဘူး။ တောင်ပေါ်နယ်တွေဘက်ကပဲထွက်ပြီး ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်ကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလည်း ယခင်နှစ်တွေထက်စာရင် နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ဗိုလ်စားပဲများကို လက်ရှိအချိန်တွင် တောင်ပေါ်ဒေသများမှ အဓိကထားစိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ယင်းသီးနှံသည် ရာသီအလိုက်ထွက်ရှိသောသီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီအထိဖွင့်လှစ်၍ ရောင်းချပေးနေကြောင်းသိရသည်။

**Source: ကြေးမုံသတင်းစာ**

## ၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ ထိုင်းနိုင်ငံ၏ သရက်သီးတင်ပို့မှု ၂ ဆကျော်မြင့်တက်



၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ ထိုင်းနိုင်ငံ၏ လတ်ဆတ်သော သရက်သီးတင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဘတ် ၁ ဒသမ ၆ သန်းခန့်အထိ ၁၃၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အလားတူကာလအတွင်း၌ပင် ကောက်ညှင်းဆန် တင်ပို့မှုသည် ဘတ် ၁ သန်းခန့်အထိ ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုင်းသရက်သီးကောက်ညှင်းအား TasteAtlast ဝက်ဘ်ဆိုဒ်တွင် ကမ္ဘာ့ဒုတိယအကောင်းဆုံး ဆန်ပူတင်းအဖြစ် မကြာသေးမီက အဆင့်သတ်မှတ်ပေးခဲ့ရာ နိုင်ငံအများအပြားတွင် လူကြိုက်များသည့် အချိုပွဲအဖြစ် နာမည်ကျော်ကြားလာခဲ့ကြောင်းနှင့် အဆိုပါဖြစ်ရပ်ကြောင့် ထိုင်းနိုင်ငံအတွက် ပို့ကုန်တိုးမြှင့်ရန်နှင့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊

ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ချီလီ၊ ပီရူးနှင့်ဟောင်ကောင်နိုင်ငံတို့နှင့်ချုပ်ဆိုထားသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များကို အသုံးပြုရန်တို့အတွက် အခွင့်အလမ်းကောင်းဖြစ်လာစေခဲ့ကြောင်း ကုန်သွယ်မှုညှိနှိုင်းရေးဌာနညွှန်ကြားရေးမှူးချုပ် Chotima Lemsawasdikul က (၁၆-၅-၂၀၂၄ ရက်နေ့၊ ကြာသပတေးနေ့) တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ပဉ္စမမြောက် သရက်သီးအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ကောက်ညှင်းဆန် ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည်။

အာဆီယံ (၉) နိုင်ငံအနက် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကသာ ထိုင်းနိုင်ငံမှတင်သွင်းသော သရက်သီးအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်းကောက်ခံသည်ဟု Chotima က ပြောကြားခဲ့သည်။ ထိုင်းသရက်သီးအား တရုတ်၊ ဂျပန်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ချီလီနှင့်ပီရူးနိုင်ငံတို့သည် သွင်းကုန်ခွန်ကောက်ခံခြင်းမရှိသော်လည်း တောင်ကိုရီးယားနိုင်ငံသည် သွင်းကုန်ခွန် ၂၄ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း သိရသည်။

ဩစတြေးလျ၊ နယူးဇီလန်၊ ဟောင်ကောင်၊ လာအို၊ ကမ္ဘောဒီးယား၊ စင်္ကာပူ၊ ဘရူနိုင်းနှင့်ချီလီတို့သည် ထိုင်းကောက်ညှင်းဆန်အပေါ် သွင်းကုန်ခွန်ကောက်ခံခြင်းမရှိဘဲ တရုတ်နိုင်ငံမှ သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ မလေးရှားနိုင်ငံမှ ၃၂ ရာခိုင်နှုန်းကိုလည်းကောင်း အသီးသီးလျှော့ချ ဖြတ်တောက်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် အေးခဲထားသော အသင့်စားသုံးနိုင်သည့် သရက်သီးကောက်ညှင်းပေါင်းအား သွင်းကုန်ခွန်ကောက်ခံခြင်းမရှိသည့် နိုင်ငံ ၁၆ နိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: Thai PBS World, 16 May, 2024 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20495

## ၁၀ နှစ်ကြာသိုလှောင်ခဲ့သော ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းအား ဘေးအန္တရာယ်ကင်းရှင်းပါက ထိုင်းအစိုးရက လေလံတင်ရောင်းချမည်



ထိုင်းနိုင်ငံ၊ Surin ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုကြာ သိုလှောင်ထားသည့် ဆန်အိတ် ၁၅၀,၀၀၀ ကို ဆေးသိပ္ပံဦးစီးဌာနက လူအများစားသုံးရန် လုံခြုံစိတ်ချရမှုရှိကြောင်း ကြေညာသည်နှင့်တစ်ပြိုင်နက် ပြည်သူများသို့ လေလံတင်ရောင်းချနိုင်ရေးပြင်ဆင်ထားရန် ပြည်သူ့သိုလှောင်ရုံအဖွဲ့အစည်း (PWO) သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Phumtham Wechayachai က ညွှန်ကြားခဲ့ကြောင်း သိရသည်။ အဆိုပါဆန်များကို ပုဂ္ဂလိကကုမ္ပဏီများ၏ဦးဆောင်မှုဖြင့် ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးခဲ့ပြီး သိုလှောင်ထားချိန်အတွင်း မီးခိုးမှိုင်းတိုက်မှုများမှ ဖြစ်ပေါ်လာနိုင်သော ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများနှင့် ဓာတုအကြွင်းအကျန်များ ကင်းရှင်းကြောင်းနှင့် ဆန်အရည်အသွေး၊ အာဟာရတန်ဖိုးတို့နှင့်ပတ်သက်၍ ဆေးသိပ္ပံဦးစီးဌာန၏ရလဒ်များကို ဝန်ကြီးဌာနကစောင့်ဆိုင်းနေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဆန်လေလံတင်ရောင်းချမှုအတွက် ဆန်ဝယ်ယူရေးဆိုင်ရာလိုအပ်ချက်များတွင် ဆန်လေလံတင်ဒါအောင်မြင်သူသည် စာချုပ်ကိုစွန့်လွှတ်ခြင်း သို့မဟုတ် ပေးပို့ရန်နှောင့်နှေးခြင်း မရှိစေရဆိုသည့်အချက်များကို PWO မှ ထည့်သွင်းဆောင်ရွက်သွားရန် Phumtham က ပြောကြားခဲ့သည်။ ဆန်လေလံတင်ဒါအောင်မြင်သူသည် သတ်မှတ်အချိန်ကာလအတွင်း ဆန်ဝယ်ယူမှုနှင့်စပ်လျဉ်းသည့် စာချုပ်ပါအချက်များကို လိုက်နာရန်ပျက်ကွက်ပါက တင်ဒါအသစ်ထပ်မံခေါ်ယူမှုမပြုဘဲ ဒုတိယအမြင့်ဆုံးတင်ဒါအောင်မြင်သူအား စာချုပ်ကိုပေးအပ်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးက ပြောကြားခဲ့သည်။ လေလံအောင်မြင်ရန် အလားအလာရှိသူများသည် ဆေးသိပ္ပံဌာန၏ စစ်ဆေးမှုရလဒ်များကို စောင့်ဆိုင်းနေကြမည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်လည်း စမ်းသပ်မှုများပြုလုပ်ကြမည်ဟုယုံကြည်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

ဝန်ကြီးက ကာလကြာသိုလှောင်ထားသောဆန်ဟောင်းများသည် စားသုံးရန်လုံခြုံစိတ်ချရမှုရှိပြီး လွန်ခဲ့သောသီတင်းပတ်က မိမိမှာအဆိုပါဆန်များကို စားသုံးခဲ့သော်လည်း မကောင်းသောအကျိုးသက်ရောက်မှုများကို ခံစားရမှုမရှိခဲ့ကြောင်းနှင့် ၎င်းဆန်ဟောင်းများကို တစ်ကီလိုဂရမ်လျှင် ၅ ဘတ်မျှသာ ရရှိနိုင်မည့် ဆန်ညှံ့အဖြစ် လေလံတင်ရောင်းချခြင်းထက် ယခုကဲ့သို့ စားသုံးခြင်းက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ယခင်ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာအစိုးရ၏ ဆန်အပေါင်ခံထားသည့် အစီအစဉ်အရပြုလုပ်ခဲ့သည့် လေလံပွဲများကို ရည်ညွှန်းပြောကြားခဲ့သည်။

**Source: Thai PBS World, 20th May, 2024. (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20496

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသည် အဓိကကုန်သွယ်ဖက်နိုင်ငံ ၁၀ နိုင်ငံအနက် ၉ နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေကို ရင်ဆိုင်နေရ

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသည် အဓိကကုန်သွယ်ဖက် ၁၀ နိုင်ငံအနက် ၉ နိုင်ငံဖြင့် ကုန်သွယ်မှုလိုငွေကို ရင်ဆိုင်နေရကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၆ ရက်က ဖော်ပြသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် တရုတ်၊ ရုရှား၊ စင်ကာပူနှင့် တောင်ကိုရီးယားအပါအဝင် ၎င်း၏ထိပ်တန်းကုန်သွယ်ဖက် ၉ နိုင်ငံဖြင့် ကုန်သွယ်မှုလိုငွေပြခဲ့ကြောင်းသိရသည်။ ဆိုလိုသည်မှာ အိန္ဒိယနိုင်ငံသည် ၎င်းတို့ထံတင်ပို့သည်ထက် ယင်းနိုင်ငံများမှ ပိုမိုတင်သွင်းနေသည့်သဘောဖြစ်သည်။ တရားဝင်အချက်အလက်များအရ တရုတ်၊ ရုရှား၊ တောင်ကိုရီးယား၊ ဟောင်ကောင်နိုင်ငံတို့နှင့် ကုန်သွယ်မှုလိုငွေမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တိုးမြင့်လာခဲ့ပြီး ယူအေအီး၊ ဆော်ဒီအာရေဗျ၊ ရုရှား၊ အင်ဒိုနီးရှားနှင့် အီရတ်နိုင်ငံတို့နှင့် ကွာဟချက်လျော့နည်းသွားကြောင်းသိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၁၈ ဒသမ ၄ ဘီလီယံဖြင့် အိန္ဒိယ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်လာပြီး အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၁၁၈ ဒသမ ၂၈ ဘီလီယံရှိသည့်အတွက် အမေရိကန်ပြည်ထောင်စုထက် အနည်းငယ်သာလွန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ပြီးခဲ့သောဘဏ္ဍာနှစ် (၂) နှစ်အတွင်း အိန္ဒိယ၏ ထိပ်တန်းကုန်သွယ်ဖက်ဖြစ်ခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်ရေးလိုငွေပြမှု ကိန်းဂဏန်းများမှာ သိသာထင်ရှားကြောင်း တွေ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကန်ဒေါ်လာ ၈၅ ဘီလီယံ၊ ရုရှားနှင့် ကန်ဒေါ်လာ ၅၇ ဒသမ ၂ ဘီလီယံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ကန်ဒေါ်လာ ၁၄ ဒသမ ၇၁ ဘီလီယံ၊ ဟောင်ကောင်နှင့် ကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံအထိမြင့်တက်ခဲ့သည်။ ယခင်နှစ်တွင် အဆိုပါနိုင်ငံများနှင့် လိုငွေပြမှုသည် ဒေါ်လာ ၈၃ ဒသမ ၂ ဘီလီယံ၊ ဒေါ်လာ ၄၃ ဘီလီယံ၊ ၁၄ ဒသမ ၅၇ ဘီလီယံနှင့် ဒေါ်လာ ၈ ဒသမ ၃၈ ဘီလီယံအသီးသီးရှိခဲ့ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ထိပ်တန်း ကုန်သွယ်ဖက်လေးနိုင်ငံဖြစ်သည့် စင်ကာပူ၊ ယူအေအီး၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့နှင့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်များရှိသည်။ ၎င်းသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၃၆ ဒသမ ၇၄ ဘီလီယံကို ထိန်းထားနိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုပိုငွေပြသည့် အခြားနိုင်ငံများတွင် ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ပြင်သစ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ပါဝင်ကြောင်းသိရသည်။ ယေဘုယျအားဖြင့် အိန္ဒိယနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၂၆၄ ဒသမ ၉ ဘီလီယံရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၂၃၈ ဒသမ ၃ ဘီလီယံသို့ ကျဆင်းသွားသည်။ ကုန်ထုတ်လုပ်မှုနှင့်ပို့ကုန်တင်ပို့ခြင်းအတွက် လိုအပ်သောပစ္စည်းကိရိယာများ တင်သွင်းခြင်းကြောင့် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်ခြင်းသည် အမြဲတမ်းအနုတ်လက္ခဏာမဟုတ်ဟု ကုန်သွယ်ရေးကျွမ်းကျင်သူများက မှတ်ချက်ပြုသည်။ သို့သော်လည်း ပြည်တွင်းငွေကြေးအပေါ် ဖိအားဖြစ်စေနိုင်ကြောင်းသိရသည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသုတေသနအဖွဲ့(Global Trade Research Initiative -GTRI)က နှစ်နိုင်ငံကုန်သွယ်မှုလိုငွေပြမှုသည် တစ်နိုင်ငံတည်း၏ ထောက်ပံ့မှုအပေါ် အလွန်အမင်းမှီခိုအားထားခြင်းမရှိပါက ကြီးမားသောပြဿနာတစ်ရပ်မဟုတ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ သို့သော်လည်း ကုန်သွယ်မှုလိုငွေတိုးမြင့်လာခြင်းကြောင့် ငွေကြေးတန်ဖိုးကျဆင်းခြင်း၊ သွင်းကုန်များကို ပိုမိုဈေးနှုန်းကြီးမြင့်လာစေခြင်း၊ ပြင်ပကြွေးမြီများ တိုးမြင့်လာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျော့နည်းခြင်းတို့ကြောင့်

နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေနိုင်ကြောင်းသိရသည်။ အဆိုပါကုန်သွယ်မှုလိုငွေပြမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး ပို့ကုန်မြှင့်တင်ရန်၊ မလိုအပ်သောသွင်းကုန်များကို လျှော့ချဖြတ်တောက်ရန်၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်နှင့်ငွေကြေးနှင့်ကြွေးမြီအဆင့်များကို ထိထိရောက်ရောက် စီမံခန့်ခွဲရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း အဓိကကုန်သွယ်ဖက် ၁၀ နိုင်ငံအနက် ၉ နိုင်ငံဖြင့် ကုန်သွယ်မှုလိုငွေကို ရင်ဆိုင်နေရကြောင်း၊ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပြီး၊ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ကြောင်း သိရသည်။ သို့ပါ၍ အဆိုပါဘဏ္ဍာနှစ်အတွင်း အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာ ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့်ရှိခဲ့ပြီး၊ အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၀၅ ဒသမ ၂၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း အိန္ဒိယကုန်သွယ်ရေးဌာန၏ တရားဝင်အချက်အလက်များအရ သိရသည်။

**ရည်ညွှန်း။ The Hindu businessline, India in trade deficit with nine of top 10 trading partners in 2023-24, May 26, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_27052024_15:07

## STOCK EXCHANGE (28.5.2024)

### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 29th May, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,488 (Shares) | 32,577,000 (MMK) |

| MYANPIX | 380.44<br>▲ 1.95 |
|---|---|
| Total Volume (shares) | 11,488 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,576 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 50 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,350 | ▲ 50 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 106,572 (Shares) | 222,063,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,600 | 8,900 | 8,600 | 5,994 | 52,066,100 | 33,109,694 | 294,676 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,850 | 2,950 | 2,850 | 7,722 | 22,215,500 | 38,929,150 | 114,841 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 182 | 1,474,200 | 10,400,986 | 84,248 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,550 | 1,600 | 1,550 | 2,044 | 3,169,600 | 29,664,613 | 47,463 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 300 | 510,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 1 | 4,700 | 10,497,598 | 49,339 |
| MAEX | 00008 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 3,485 | 8,015,500 | 23,804,946 | 54,751 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 28th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.49 | +5.88 | +1.58% | 369.82 | 378.49 | 369.82 | 19,728 | 87,455,600 | 8 | 713,902 |

### Index chart




TIR